**ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မြန်မာနိုင်ငံ၏**

**မဟာဗျူဟာမြောက်အနာဂတ်နှင့်လွှတ်တော်၏**

**မူဝါဒရေးရာအခန်းကဏ္ဍဆိုင်ရာဆွေးနွေးဟောပြောပွဲကျင်းပ**

နေပြည်တော် ဇူလိုင် ၇

လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်အနာဂတ်နှင့် လွှတ်တော်၏ မူဝါဒရေးရာ အခန်းကဏ္ဍဆိုင်ရာဟောပြောဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အုံ သဘင်ဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ဆွေးနွေးပွဲသည် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC)၏ ပထမဦးဆုံးစတင်သည့် ဆောင်ရွက်ချက်ဖြစ်ပါကြောင်း၊ (JCC) အဖွဲ့၏ ရည်ရွယ်ချက်မှာ လွှတ်တော်သည် ဂုဏ်သိက္ခာရှိပြီး အဆင့်အတန်းမြင့်မားသည့် လွှတ်တော်ဖြစ်စေရေးနှင့် ဝမ်းစာရှိပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဝမ်းစာ ထပ်မံပြည့်ဝအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကမ္ဘာ့လက်ရှိအခြေအနေများကို လေ့လာသုံးသပ်ပြီး လွှတ်တော်၏ အခန်းကဏ္ဍအနေဖြင့် မည်သို့ပါဝင်လုပ်ဆောင်ရမည်ကို ဆွေးနွေးကြစေလိုကြောင်း၊ ဆွေးနွေးပွဲတွင် ပညာရှင်များနှင့်

ကိုယ်စားလှယ်များအပြန်အလှန်ဆွေးနွေးစေလိုကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ယခုလို စွမ်းရည်မြှင့်တင်ရေးဆွေးနွေးပွဲများမှတစ်ဆင့် လွှတ်တော်၏ အကျိုးနှင့် နိုင်ငံတော်၏ အကျိုးကို ဖြစ်ထွန်းစေရန်ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) က ပထဝီနိုင်ငံရေး အပြောင်းအလဲ များနှင့် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်ရပ်တည်မှု ခေါင်းစဉ်ဖြင့် တွေးစရာ၊ မေးစရာများ နှင့်အတူ လွှတ်တော်၏ အခန်းကဏ္ဍကိုလည်းကောင်း၊ ဒေါက်တာဇော်ဦး က ပထဝီ စီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးအခွင့်အလမ်းခေါင်းစဉ်ဖြင့် မြန်မာပထဝီ စီးပွားရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများကိုလည်းကောင်း နိုင်ငံတကာအရေးရာများနှင့် ဆက်စပ်၍ ဆွေးနွေးဟောပြောရာ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ် များက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်း ဆွေးနွေးကြပါသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ က ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ က ဆွေးနွေးဟောပြောပေးခဲ့သည့် ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)